## နော်ဝေးအခြေစိုက် ဒီမိုကရက်တစ်မြန်မာ့အသံကို **RSF** အဖွဲ့ သတင်းလွတ်လပ်ခွင့်ဆု ချီးမြှင့်
## ၅ ဒီဇင်ဘာ ၂၀၀၇

မြန်မာနိုင်ငံသတင်းလွတ်လပ်ခွင့်အတွက် ကြိုးပမ်းခဲ့ကြတဲ့သတင်းထောက်တွေ၊ ပြည်သူတွေနဲ့အတူ နယ်စည်းမခြား သတင်းထောက်များအဖွဲ့ **RSF** ရဲ့ ၂၀၀၇ ခုနှစ်အတွက် ပေးအပ်တဲ့ဆုကို လက်ခံရယူတဲ့အကြောင်း နော်ဝေးအခြေစိုက် ဒီမိုကရက်တစ်မြန်မာ့အသံ **DVB** က ပြောပါတယ်။ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ **RSF** အဖွဲ့ရဲ့ ဆုပေးပွဲ အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ပြီးတော့ သတင်းယူခဲ့တဲ့ မသင်းသီရိ ကို ဦးကျော်ကျော်သိန်း က ဆက်သွယ် မေးမြန်း တင်ပြထားပါတယ်။

*ဒီဆုပေးပွဲအခမ်းအနားအကြောင်းလေး မသင်းသီရိ သတင်းယူခဲ့တာ ပြောပြပါဦး –*

ဟုတ်ကဲ့ပါ၊ အထူးသဖြင့် ဒီ **RSF** အဖွဲ့အနေနဲ့ ကမ္ဘာကြီးအတွင်းမှာ သတင်းနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်တွေ တရက်ပြီးတရက်တိုးလာစေဖို့ သူတို့ နှစ်စဉ်ပေါ့လေ၊ ဒီဇင်ဘာလတိုင်းမှာ အခုလို သတင်းသမားတွေနဲ့ သတင်းဌာနတွေကို ဂုဏ်ပြုခဲ့တာ အခုဆိုရင် ၁၆ ကြိမ် ရှိနေပါပြီ။ ဒီဆုဟာ သတင်းနဲ့စာနယ်ဇင်းလွတ်လပ်ခွင့်တွေ ကင်းလွတ်နေတဲ့နိုင်ငံတွေ၊ နောက် သတင်းလွတ်လပ်မှုတွေကို ကန့်သတ်ချုပ်ချယ်နေတဲ့နိုင်ငံတွေက သတင်းသမားတွေနဲ့ သတင်းဌာနတွေကို ရွေးချယ် ချီးမြှင့်တာပါ။ ဆုအမျိုးအစားကတော့ ၄ မျိုးပါရှင့်။ ရဲရင့်တဲ့သတင်းသမားဆု၊ သတင်းမီဒီယာဆု၊ သတင်းဌာနဆု၊ သတင်းအင်တာနက်ဆိုင်ဘာဆု ဆိုပြီးတော့ ဆုလေးဆုကို ဒီကနေ့ချီးမြှင့်တာ ဖြစ်ပါတယ်ရှင်။

*ဟုတ်ကဲ့ခင်ဗျာ၊ ဒီလိုမျိုး ဆုရတာနဲ့ပတ်သက်ပြီးတော့ ဒီမိုကရက်တစ် မြန်မာ့အသံကရော ဘာများပြောပါသေးလဲ မသင်းသီရိ –*

ဒီဆုကို ဒီမိုကရက်တစ် မြန်မာ့အသံက ဒါရိုက်တာ ကိုအေးချမ်းနိုင်၊ နောက်တခါ ကိုမိုးအေး၊ နောက် ကိုနေဇော်နိုင်တို့ ဆုတက်ရောက်ယူပါတယ်။ ဆုတက်ယူတဲ့အခါမှာ ကိုအေးချမ်းနိုင် က အခုလို ပြောပါတယ် –

> “အဓိကကတော့ ကျနော်တို့သတင်းလွတ်လပ်ခွင့်နဲ့ပတ်သက်ပြီးတော့ အားပေးတဲ့ သတင်းဌာနတွေ၊ နောက် သတင်းလွတ်လပ်ခွင့်ကို ထူးထူးချွန်ချွန်လုပ်နိုင်တဲ့ဌာနတွေ၊ အဲဒီလိုမျိုး ရည်ရွယ်ချက်နဲ့ ပေးတာပါ။ ကျနော်တို့အဓိကအယူအဆကတော့ ပြီးခဲ့တဲ့စက်တင်ဘာ လူထုလှုပ်ရှားမှု၊ သံဃာတွေရဲ့ လှုပ်ရှားမှုမှာ ဒီမိုကရက်တစ်မြန်မာ့အသံကနေ သတင်းတွေရယူနိုင်ခဲ့တာ၊ နောက် ဓါတ်ပုံတွေ ထုတ်လုပ်နိုင်ခဲ့တာ၊ သူက အဲဒီအပေါ်မှာမူတည်ပြီးတော့ ချီးမြှင့်တယ်လို့ပဲ ကျနော်တို့ အဲဒီလို ယူဆပါတယ်။ တခုကတော့ ဒီဗွီဘီရယ်လို့တော့မဟုတ်ပါဘူး၊ တကယ်တန်းပြောရင်တော့ ကျနော်တို့ သတင်းထောက်တွေအပြင် ပေါ့လေ၊ နောက်တခြား သာမန် မြန်မာပြည်သူတွေရော၊ ဗမာပြည်အတွင်းမှာရှိတဲ့ တခြား သတင်းထောက်တွေရော၊ လူထုတရပ်လုံးရဲ့လှုပ်ရှားမှုအပေါ်မှာမူတည်ပြီးတော့ ကျနော်တို့ ဒီဆုကို ရရှိတယ်လို့ပဲ ယူဆပါတယ်။”

*ဒီလိုဆုကို အရင်တုန်းကရော ဘယ်သူတွေက ရခဲ့ဘူးပါသလဲ မသင်းသီရိရေ –*

ဒီဆုကို ကျမတို့မြန်မာနိုင်ငံထဲက စာရေးဆရာမ သာယာဝတီ ဒေါ်စမ်းစမ်းနွဲ့ ရခဲ့ဘူးသလို၊ မနှစ်က ၂၀၀၆ ခုနှစ်အတွက် ရဲရင့်တဲ့သတင်းသမားဆုကို အင်းစိန်အကျဉ်းထောင်မှာ အကျဉ်းကျနေတဲ့ သတင်းစာဆရာကြီး ဦးဝင်းတင် က ရခဲ့ဘူးပါတယ်။